'ထူးချွန်သောသူ မှန်သမျှတွင် အသောက်၊ အကစား၊ အပျော်အပါးတည်းဟူသော မှဲ့သုံးပြောက်တွင် တစ်ပြောက် စွန်းတတ်သည်' ဟူသော စာဆိုရှိ၏။ ဤ 'ဖိုးပြုံးချို' ဝတ္ထုသည် မှဲ့ပြောက်စွန်းထင်းသော အနုပညာရှင်တစ်ဦး၏ ဘဝဖြစ်စဉ်ကို တင်ပြထားသော ဝတ္ထုပင် ဖြစ်လေသည်။ စာရေးသူတို့၏ အနုပညာသည် အသိုင်းအဝိုင်းတွင် ထိုစကားမှန်ကန်ကြောင်း အထောက်အထား များစွာတို့ကို ကိုယ်တွေ့ကြုံခဲ့ရဖူးပေါင်း များလှပါ၏။ ယခုလည်း ကြုံရဆဲ... နောင်တွင်လည်း ကြုံရဆဲ ဖြစ်ကောင်းဖြစ်ပေမည်။

အနုပညာသည်များသည် လူထုအတွက် လူများဖြစ်ကြပေသည်။ မိမိတို့၏ ကိုယ်ရေးထက် လူထု၏အကျိုးကို ဘယ်နည်းဖြင့် ဖြည့်စွမ်းရပါမည်နည်း... ဟူသော စိတ်ဓာတ်မီးတစ်ပွင့် အမြဲကပ်ရောက်နေကြလျက် ကိုယ်ရေးကို ဒုတိယထားကြစမြဲ ဖြစ်၏။ မိမိ၏ကိုယ်ရေး၌ လောကဓံနှင့် ဆုံကြုံလာရသောအခါတွင် မှဲ့အစွန်းတွင် သတိကင်းလွတ်နစ်မွန်းတတ်ကြ၏။ ဤဝတ္ထုသည် ထိုသဘောကလေးကို တင်ပြသောဝတ္ထုဖြစ်ပေသည်။

အတိအလင်း ဝန်ခံရမည်ဆိုပါလျှင် 'ဖိုးပြုံးချို' ဝတ္ထုမူရင်းမှာ The Champ ခေါ် အင်္ဂလိပ်ဝတ္ထုတိုဖြစ်၏။ ထိုဝတ္ထု



ထဲ၌ လက်ဝှေ့ချန်ပီယံဟောင်းတစ်ဦးသည် သားကလေး၏ ကောင်းစားရေးအတွက် လက်ဝှေ့နယ်မှ အတော်ကြာ အနားယူထားရာက ပြန်၍ လက်ဝှေ့ထိုးရာ၌ အသက်ဆုံးရ၏။ ဤသဘောဖြင့် ဖခင်၏အချစ်ကို ဖော်ထုတ်ခဲ့လေသည်။ ယင်းသည့် ဇာတ်သွားကိုပင် အခြေပြုကာ များမကြာမီက The Clown ခေါ် ရုပ်ရှင်ဇာတ်ကားတစ်ခု ပေါ်ထွက်လာခဲ့ပြန်သည်။ ထိုကားထဲ၌ လူရွှင်တော်တစ်ဦး တေပေမျက်စီးနေရာက သားကလေးအတွက် အလုပ်ကို ပြန်၍ ကြိုးကြိုးစားစားလုပ်သည်တွင် ယခင်က တေပေခဲ့သော ဒဏ်ချက်များကြောင့် အသက်ဆုံးရသည့်အကြောင်းကို သရုပ်ဖော်ထား၏။ မူရင်း The Champ ဝတ္ထု၌ သားအဖအချစ်ကို မူတည်ထားသော်လည်း The Clown တွင်မူ အနုပညာသည်တို့ သတိလွတ်ကင်းတတ်သော 'မှဲ့တစ်ပြောက်' ဉာဉ်ကို သရုပ်ဖော်ကာ ဇာတ်သားထဲ၌ ဖခင်၏အချစ်ကို ဥပနာ၍ထားပေသည်။ ဖိုးပြုံးချိုဝတ္ထုသည် The Clown ၏ ဇာတ်အိမ်ဆင်ပုံကို မှီငြမ်းပြုထားပါ၏။ သို့သော်... လူမှုရေးစနစ်ချင်းမတူသည့် အနောက်မှ ရုပ်ရှင်ဇာတ်လမ်းကို အရှေ့နိုင်ငံ ဇာတ်ကွက်တစ်ခုဖြစ်အောင် မှီးရသည်မှာ မလွယ်ကူလှပါ။ မည်သို့ပင်ဖြစ်စေ ထူးချွန်သော ပုဂ္ဂိုလ်တို့၌ မှဲ့တစ်ပြောက် စွန်းတတ်သည်။ အစွန်းအထင်း လွန်ကျူးလျှင် သတိလွတ်ကင်း၍ နစ်မွန်းတတ်ကြသည်ဆိုသော သဘောကို ဝတ္ထုတစ်ပုဒ်သဖွယ် ဖတ်ရှုလိုပါက ရှေ့စာမျက်နှာမှစ၍ ဖတ်ရှုရန်ပင်ဖြစ်ပေသည်။

■